**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားနိုင်ကြောင်း**

**အသိပေးကြေညာချက်**

၁။ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်တွင် ပါဝင်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများကို စည်းကမ်းလိုက်နာမှုကောင်းမွန်စေရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတို့အတွက် ကုန်တင်ပို့သူ (Exporter)နှင့် ကုန်တင်သွင်းသူ (Importer) များအား အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် စတင်လျှောက်ထားနိုင်ကြောင်း ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ စည်းကမ်းလိုက်နာမှု (Compliance) ကောင်းမွန်သည့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (AEO Level 1) များထဲမှ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်လုံခြုံရေး (International Trade Supply Chain Security) စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီများကို စည်းကမ်းလိုက်နာမှုနှင့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်လုံခြုံရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (AEO Level 2) အဖြစ် အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်များ အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ(Level-1)အဖြစ် လျှောက်ထားလိုသော ကုန်တင်ပို့သူ (Exporter) နှင့် ကုန်တင်သွင်းသူ (Importer) များအနေဖြင့် Myanmar Customs Website ဖြစ်သည့် https://www.customs.gov.mm/AEO တွင် လျှောက်လွှာပုံစံကို Download ရယူ၍ အောက်ဖော်ပြပါလိပ်စာသို့ လူ ကိုယ်တိုင်ဖြစ်စေ၊ Email မှ ဖြစ်စေ လျှောက်ထားနိုင်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်-

လိပ်စာ- အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများဆိုင်ရာဌာနစု၊
နှောင်းစာရင်းစစ်ဆေးခြင်းနှင့်ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ၊
အကောက်ခွန်ဦးစီးဌာန။
အမှတ်- ၂၀၅/၂၁၁၊ ပထမထပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း (၅၀) ထောင့်၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
Email: myanmaraeo@gmail.com